Religions for Peace

ငြိမ်းချမ်းမေတ္တာအဖွဲ့
Religions for Peace-Myanmar

# မြန်မာနိုင်ငံလမ်းများပေါ်မှအကြမ်းဖက်မှုပဋိပက္ခတို့အား အရှိန်ရပ်အဆုံးသတ် စေရန် အထူးအရေးပေါ်ပန်ကြားချက်

သို့

**မြန်မာနိုင်ငံပြည်သူများ၊ အုပ်ချုပ်နေသူများနှင့် အပြည်ပြည်ဆိုင်ရာလူ့အဖွဲ့အစည်းများ**
**ငြိမ်းချမ်းပါစေ၊ ရှလောင်(မ်)၊ ဆလာမ်၊ သန္တိသုခကျ ရောက်ပါစေသတည်း။**

အပြည်ပြည်ဆိုင်ရာနှင့်မြန်မာနိုင်ငံဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့အနေဖြင့် နက်ရှိုင်းလှစွာသော စိတ်မကောင်းမှုဖြင့်၊ သက်ဆိုင်သူအားလုံးတို့အား မြန်မာနိုင်ငံ၏ လမ်းများပေါ်၌ ဖြစ်ပျက်နေသော ဝမ်းနည်းဖွယ်ရာဖြစ်ရပ်တို့အား လျော့ချရပ်ဆိုင်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဤလအတွင်းမှာသွေးထွက်သံယိုဖြစ်မှုများ ပိုဖြစ်ခဲ့ပါသည်။ မြန်မာပြည်သူများ၏ အသက်ဇီဝိန်အားအထွတ်အမြတ်ထား လေးစားမှုနှင့်အတူ RfP သည်မမိုတ်မသုန်ရပ်တည်ပါသည်။ အပြစ်မဲ့ပြည်သူများ သွေးထွက်သံယို ဖြစ်ရခြင်းအား ကျွန်ုပ်တို့ရှုပ်ချပါသည်။

RfP သည်ကမ္ဘာလောက၌ စစ်နှင့်အကြမ်းဖက်မှု ကင်းစင်ရေးဟူသော မြင်ကွင်းအားပေါ်ထွန်းလာစေရေးအတွက် ရင်းနှီးမြုပ်နှံကြကုန်သော ကမ္ဘာ့ဘာသာအသီးသီးမှ နောက်လိုက်များဖြင့် ပါဝင်ဖွဲ့စည်းထားသော နိုင်ငံရေးကင်းစင်သည့် ကြားနေဖက်မလိုက်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။ မြန်မာပြည်မှသက်ဆိုင်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ကာ ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း တိုင်းပြည်၌ ဖြစ်ထွန်းခဲ့သော ဒီမိုကရေစီအရေးနှင့် ငြိမ်းချမ်းရေးတို့အား ကျေးဇူးတင်ဂုဏ်ယူစွာ အသိအမှတ်ပြုခဲ့ပါသည်။ ကျွန်ုပ်တို့သည် အဆိုပါကောင်းကျိုးရလဒ်များ အပေါ်၌ တည်ဆောက်ထားသော နိုင်ငံတော်အဖြစ်ပေါ်ထွန်းလာစေရေးအတွက် ကြီးမားသော မျှော်လင့်ချက်အား ဖွံ့ဖြိုးရှင်သန်ခဲ့ ရပါသည်။

ရွေးကောက်ပွဲရလဒ်များအပေါ်၌ အငြင်းပွားမှုအားအခြေခံ၍လတ်တလောဖြစ်ပေါ်နေသော ဝမ်းနည်းဖွယ်ရာ အလှည့်အပြောင်းတို့ကြောင့် နိုင်ငံတော်အတွင်း၌ စိတ်ဝမ်းကွဲပြားမှုများဖြစ်၍ ညီညွတ်ရေးပျက်ပြားခဲ့ရပါသည်။ သက်ဆိုင်သူအားလုံးအား အနူးအညွတ်ပန်းကြားလိုပါသည်။ ငြိမ်းချမ်းရေးသည် အလားအလာကောင်း၍ ဖြစ်နိုင်ချေရှိ ပါသည်။ ငြိမ်းချမ်းရေးသည် (ပဋိပက္ခတို့ပြေအေးရေး) အတွက်တစ်ခုတည်းသော လမ်းဖြစ်ပါသည်။ နှစ်ပရိစ္ဆေရ ကြာညောင်းစွာ ခံစားခဲ့ရသည့် နိုင်ငံတော်၏ ဆင်းရဲဒုက္ခသည် နှစ်ဦးနှစ်ဖက်တွေ့ဆုံဆွေးနွေးခြင်းအားဖြင့်သာလျင် ကုစား၍ရပါမည်။ လမ်းမပေါ်မှာ အကြမ်းဖက်ခြင်းအားဖြင့် အနာများမကျက်နိုင်ပါ။

ဤနိုင်ငံ၏ ကျောမွဲဆင်းရဲသား လူတန်းစားများသည် ပြင်းထန်လှသည့် ရောဂါကပ်ဆိုးကြီးအပြင် အလုပ်လက်မဲ့ဖြစ်မှု စားနပ်ရိက္ခာရှားပါးမှု စသည့်အထွေထွေစိန်ခေါ်ချက်တို့ဖြင့် ရင်ဆိုင် နေရပါသည်။ အများပြည်သူတို့ဘဝ ရှင်သန်ရေး အတွက် ငြိမ်းချမ်းရေးကို အရေးတစ်ကြီးအထူး လိုအပ်လျက်ရှိပါသည်။ သက်ဆိုင်သူအားလုံး အထူးသဖြင့်တပ်မတော်အား အလေးအနက် ပန်ကြားမေတ္တာရပ်ခံလိုပါသည်။ ပြဿနာအရပ်ရပ်အား ဖြေရှင်းရေးအတွက်၊ သင့်မြတ်ရေး အတွက် တွေ့ဆုံဆွေးနွေးပွဲ စားပွဲဝိုင်းသို့ ပြန်လည်သွားရောက်ကြပါ။

ဘာသာပေါင်းစုံငြိမ်းချမ်းရေး (ငြိမ်းချမ်းမေတ္တာ) အဖွဲ့အနေဖြင့် သံဃမဟာနာယက (မဟန) ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် (CBCM)နှင့် ထပ်တူထပ်မျှ နှိုးဆော်လိုသည်မှာ မြန်မာပြည်အား ငြိမ်းချမ်းသာယာသည့် နိုင်ငံတော်အဖြစ် ရေရှည်တည်တံ့စေရန် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးကြပြီး လမ်းမပေါ်မှ အကြမ်းဖက်မှုတို့အား အရှိန်သတ်၍ ရပ်တန့်ကြပါရန် ထပ်လောင်းမေတ္တာရပ်ခံအပ်ပါသည်။

အဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးစည်ပင်သာယာတိုးတက်ရေးအတွက် ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ရပ်ဖြစ်သောအာဆီယံအဖွဲ့အနေဖြင့် အစောတလျင် ကူညီဆောင်ရွက်ပါရန် ကျွနုပ် တို့ အနေဖြင့် အလေးအနက်ပန်ကြားအပ်ပါသည်။

အာဆီယံအဖွဲ့ကြီး၏ ပဋိညာဉ်စာချုပ်တွင် အဖွဲ့ဝင် နိုင်ငံများအနေဖြင့် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးတို့ ဖော်ဆောင်ရန် ကတိကဝတ်ပြုထားပါသည်။ ထို့ကြောင့်အချိန်မနှောင်းမီ တိုင်းရင်းသားလူနည်းစု၊  လူမျိုးစုများအပါအဝင် မြန်မာပြည်သူတစ်ရပ်လုံး အတွက် အာဆီယံအဖွဲ့ကြီးအနေဖြင့် အကျိုးပြုလုပ်ငန်းတို့အား ဆထက်တန်ပိုးတိုး၍ ဆောင်ရွက်ရန်အချိန်တန်ပေပြီ။

သက်ဆိုင်သူအားလုံးတို့ လက်ခံနိုင်သော အခြေအနေရောက်ရှိလာသောအခါတွင်၊ ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့ကြီးသည် မြန်မာနိုင်ငံ၌ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ထွန်းကားလာစေရန် အမြင်မတူသော ရှုထောင့်တို့အား ညှိနှိုင်းဆွေးနွေးအဖြေရှာရန် အတွက် လွတ်လပ်သောဝန်းကျင်တစ်ခုအား ဖော်ဆောင်နိုင်ရန် ဆွေးနွေးပွဲ စကားဝိုင်းများကို ဆက်လက် ကျင်းပရန် အဆင်သင့်ဖြစ်နေကြောင်းအသိပေးအပ်ပါသည်။